# Burmese Democratic Futures Working Group – BDFWG

# University of Virginia

# Weekly Summary (September 08 - 14, 2024)

## တပတ်အတွင်းအနှစ်ချုပ်၏ အသေးစိတ်အချက်အလက်များ

### မီးရှို့ဖျက်ဆီးမှုများ

မြန်မာနိုင်ငံအနှံ့အပြားတွင် နေအိမ် ၄၄၅ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

- စက်တင်ဘာ ၁၂ ရက်တွင် ချင်းပြည်နယ်၊ မင်းတပ်မြို့ အနောက်ရပ်ကွက်၊ လေ့ကောင်းလမ်းရှိ စစ်ဘေးရှောင်နေအိမ် ၁၀ လုံးထက်မနည်းကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်။

- စစ်တပ် စစ်ကြောင်းသည် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာလ ၁၁ ရက်ထိ စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်ရှိ ငကြိုင်း၊ အင်ကြင်းပင်၊ ပေါက်တော၊ စောကြီး၊ သနပ်စိန်၊ တဲကြီး၊ ဖန်းခါးကုန်း၊ နှဲတွင်း၊ မဒေါင်းကြီး၊ ရွှေကာ၊ ပေါက်သင့်တုံ၊ ဂျပို့၊ စည်ပုတ္တရာ ကျေးရွာတို့ကို မီးရှို့ဖျက်ဆီးခဲ့ရာ နေအိမ် ၄၀၀ ကျော် မီးလောင်ပျက်စီးခဲ့သည်။

- စက်တင်ဘာ ၉ ရက်တွင် စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့အနီးရှိ ကံပြားရွာကို စစ်တပ်က ၂ ကြိမ် မီးရှို့ဖျက်ဆီးခြင်းကြောင့် နေအိမ် ၂၅ လုံး မီးလောင်ပြာကျခဲ့သည်။

- စက်တင်ဘာ ၉ ရက်၌ စစ်ကိုင်းတိုင်း၊ ကသာခရိုင်၊ အင်းတော်မြို့နယ်တွင် စစ်ကောင်စီနှင့်တော်လှန်ရေးတပ်ဖွဲ့များ တိုက်ပွဲဖြစ်ပွားလျက်ရှိပြီး စစ်ကောင်စီက မြို့အတွင်းရှိနေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်။

**ဖမ်းဆီးခံရမှုများ**

- ဧရာဝတီတိုင်း၊ မြန်အောင်မြို့နယ်၊ ရှားတောကျေးရွာတွင် အမျိုးသားညီညွတ်ရေးအစိုးရနှင့် တော်လှန်ရေးအင်အားစုများကို ထောက်ခံကြောင်း Tik Tok တွင် တင်သည်ဟုဆိုကာ ဒေသခံအမျိုးသားတစ်ဦးအား စက်တင်ဘာ ၁၀ ရက်က စစ်ကောင်စီတပ်မှ လာရောက်ဖမ်းဆီးသွားခဲ့သည်။

- ချင်းပြည်နယ်၊ မင်းတပ်မြို့တွင် စက်တင်ဘာ ၇ ရက်က အရပ်သား သုံးဦးထက်မနည်းကို စစ်ကောင်စီက ခလရ ၂၇၄ တပ်ရင်းသို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

- စက်တင်ဘာ ၉ ရက်တွင် မကွေးတိုင်း၊ မင်းတုန်းမြို့နယ်အတွင်းရှိ ပြည်ခိုင်ဖြိုးပါတီအမာခံရွာဖြစ်သည့် ခုန်တိုင်ရွာထဲသို့ စစ်ကောင်စီတပ် ဝင်ရောက်တပ်စွဲကာ ရွာသား ၄၀ ကျော်ကို ဖမ်းဆီးခဲ့သည်။

- စက်တင်ဘာ ၁၀ ရက်တွင် မွန်ပြည်နယ်၊ ရေးမြို့မှာ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ PDF တွေထံ ငွေကြေးထောက်ပံ့တာတွေ လုပ်ဆောင်နေတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ အမျိုးသမီးနှစ်ဦးအပါအဝင် ဒေသခံငါးဦးကို စစ်ကောင်စီတပ်က ဖမ်းဆီးခဲ့ပါသည်။

- စက်တင်ဘာ ၁ ရက်နှင့် ၇ ရက်တွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်အတွင်းက ကျေးရွာတွေကနေ တရားမဝင် ရိက္ခာ သယ်ယူတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ ဒေသခံခုနစ်ဦးကို စစ်ကောင်စီ ဖမ်းဆီးခဲ့ပါသည်။

- စက်တင်ဘာ ၈ ရက်တွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့ကို လှေတစ်စီးနဲ့အတူ ဈေးဝယ်သွားတဲ့ ဂုံးချိန်ရွာက အမျိုးသမီး ၆ ဦးကို စစ်ကောင်စီတပ်က ဖမ်းဆီးသွားခဲ့ပါသည်။

- စက်တင်ဘာ ၁၁ ရက်တွင် စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့နယ်၊ မကျည်းတစ်ထောင် ကျေးရွာမှ အမျိုးသမီး ၁၃ ဦး အပါအဝင် ကားလမ်းဘေးရှိ ပြည်သူ စုစုပေါင်း ၂၃ ဦးကို အောင်ဇေယျ တပ်ကုန်းကို ဖမ်းဆီးခေါ်ဆောင်သွားပြီး အမှတ် ၂၈ ရဲတပ်ရင်းအတွင်း ပို့ဆောင်လိုက်သည်။

**သတ်ဖြတ်ခံရမှုများ**

- ချင်းပြည်နယ်၊ ဟားခါးမြို့တွင် စစ်ကောင်စီတပ်နှင့် ချင်းတော်လှန်ရေးတပ်ဖွဲ့များ စက်တင်ဘာ ၁၃ ရက်က တိုက်ပွဲဖြစ်ပွားခဲ့ပြီး တိုက်ပွဲအတွင်း အရပ်သားတဦး သေဆုံးခဲ့သည်။

- စက်တင်ဘာ ၆ ရက်က ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဆိုင်းတောင်ရွာကို စစ်တပ်က သေနတ်များ၊ လက်နက်ကြီးများ ပစ်ဖောက် ဝင်ရောက်ကာ Lucky Man ဟိုတယ်တွင် ဝင်ရောက်တပ်စွဲနေပြီး စစ်တပ်၏ ပစ်ခတ်မှုကြောင့် ပြည်သူ ၄ ဦး သေဆုံးကာ ၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

- မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်မှာ စစ်ကောင်စီတပ်က စက်တင်ဘာ ၈ ရက်တွင် စစ်ကြောင်းထိုးချိန် လက်နက်ကြီး၊ လက်နက်ငယ်နဲ့ ပစ်ခတ်သတ်ဖြတ်မှုကြောင့် အမျိုးသမီး သုံးဦး သေဆုံးခဲ့သည်။

- စက်တင်ဘာ ၈ ရက်တွင် စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်အရှေ့ဘက် ထနောင်းဝင်းကျေးရွာက အသက် ၁၅ နှစ်အရွယ် လူငယ်တစ်ဦးကို မုံရွာမြို့ကနေ ကျောက်ကာရွာ လမ်းမပေါ်တွေမှာ စစ်ကြောင်းထိုးလာတဲ့ စစ်သားတွေက လူငယ်ဟာ ပေတစ်ရာလမ်းမပေါ်ကို ဆိုင်ကယ်တက်မောင်းတယ်လို့ဆိုကာ ပစ်သတ်ခဲ့ပါသည်။

**လေကြောင်းမှ တိုက်ခိုက်မှုများ**

- စက်တင်ဘာ ၈ ရက်တွင် ပဲခူးတိုင်း၊ ရေတာရှည်မြို့နယ်က ကဲလင်းဆိပ်ကျေးရွာ စာသင်ကျောင်းနဲ့ ရှားတောကျေးရွာတွေကို စစ်ကောင်စီတပ်က ဒရုန်းနဲ့ တိုက်ခိုက်လို့ အရပ်သားပြည်သူ ငါးဦးထက် မနည်း သေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိခဲ့ပါသည်။

- စက်တင်ဘာ ၉ ရက်တွင် ချင်းပြည်နယ်၊ မင်းတပ်မြို့၊ တိုက်နယ်(၃) တစ်နေရာကို စစ်ကောင်စီက တိုက်လေယာဉ်ဖြင့် ပေါင် ၅၀၀ ဖျက်အားပြင်း ဗုံးနှင့် ဗုံးအသေး ၃လုံး ကြဲချ တိုက်ခိုက်ခဲ့သည်။

- ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်ထဲက ဆိုင်းတောင်နဲ့ ဆိပ်မူရွာထဲကို စစ်ကောင်စီတပ်က စက်တင်ဘာ ၁၂ ရက်တွင် လေယာဉ်နဲ့ ဗုံးကြဲခဲ့တာကြောင့် ဖားပြင်လမ်းဘက်က နေအိမ်တွေအပါအဝင် နေအိမ်ဆယ်လုံးထက်မနည်း မီးလောင်ပျက်စီးခဲ့ပါသည်။

- စက်တင်ဘာ ၅ ရက်မှ ၇ ရက်အတွင်း ကရင်နီပြည်နယ်၊ လွိုင်ကော်မြို့နယ်အစပ်ရှိ စစ်ကောင်စီတပ်စခန်း ၄ နေရာကို ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ စစ်သား ၃၀ ဦးသေဆုံးကာ ၃ ဦးအရှင်ဖမ်းမိခဲ့ပြီး စစ်ကောင်စီတပ်က လက်နက်ကြီး၊ ဒရုန်း အမြောက်အများ အသုံးပြုခဲ့သည့်အပြင် လေကြောင်းတိုက်ခိုက်မှု အမြောက်အများ အသုံးပြုတိုက်ခိုက်ခဲ့သည်။

- စက်တင်ဘာ ၉ ရက်တွင် ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကျုံခဝန်ကျေးရွာကို စစ်ကောင်စီတပ်၏ တိုက်လေယာဉ်များဖြင့် ဗုံးများ ကျဲချခဲ့ပြီး လေယာဉ်ပေါ်မှ ပစ်ခတ်မှုများ လုပ်ဆောင်ခဲ့ရာ အရပ်သား ပြည်သူ ၂ ဦး ထိခိုက် ဒဏ်ရာရရှိခဲ့သည်။

- ကရင်ပြည်နယ်၊ မြဝတီမြို့တောင်ဘက် လေးကေ့ကော်မြို့အနီးရှိ စစ်ကောင်စီ၏ စွယ်တော်ကုန်းအားကော်ဘရာ စစ်ကြောင်း ပူးပေါင်းတပ်များက စက်တင်ဘာ ၁၃ ရက်တွင် ဝန်းရံပိတ်ဆို့တိုက်ခိုက်နေရာ တိုက်ပွဲပြင်းထန်နေပြီး စစ်ကောင်စီက Y-12 လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

- စက်တင်ဘာ ၉ ရက်တွင် မကွေးတိုင်း၊ မင်းတုန်းမြို့နယ်၊ ရွာသစ်ကျေးရွာကို စစ်ကောင်စီတပ်က လေကြောင်းမှ သုံးကြိမ် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ နေအိမ်များ ထိခိုက်ပျက်စီးခဲ့သည်။

- စက်တင်ဘာ ၈ ရက်တွင် မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ ပျားကျေးရွာသို့ ဗုံးသီးတစ်လုံးနှင့် ဆူးရစ်ကုန်းကျေးရွာသို့ စစ်ကောင်စီမှ  လေကြောင်းမှ ဗုံးသီး သုံးလုံး ကြဲချတိုက်ခိုက်ခဲ့သည်။

- ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ရှင်ရွာအတွင်းရှိ စစ်သုံ့ပန်းတွေနဲ့ အကျဉ်းသားတွေ ဆေးကုသရေး စင်တာကို စက်တင်ဘာ ၈ ရက်တွင် စစ်ကောင်စီက ဂျက်ဖိုက်တာနဲ့ ဗုံးကြဲတိုက်ခိုက်တဲ့အတွက် လူပေါင်း ၂၀ ခန့် သေဆုံးပြီး ၁၅ ဦးခန့် ဒဏ်ရာရရှိခဲ့သည်။

- စက်တင်ဘာ ၉ ရက်တွင် ရခိုင်ပြည်နယ်၊ မောင်တောမြို့ ၊ ၄ မိုင်အခြေစိုက် နယ်ခြားစောင့်တပ်ဖွဲ့ခွဲ နခခ ၂ ကို စစ်ကောင်စီက ဂျက်တိုက်လေယာဉ်နှစ်စီးဖြင့် နှစ်ကြိမ်တိုင်တိုင် လာရောက်ဗုံးကြဲ တိုက်ခိုက်မှုကြောင့် စစ်သုံ့ပန်းများ အပါအဝင် ဖမ်းဆီးရရှိထားသော စစ်ကောင်စီဘက်တော်သား ၅၀ ကျော် သေဆုံးခဲ့ပြီး  UN အဆောက်အဦးတို့ကို စစ်ကောင်စီက လေယာဉ်ဖြင့် ထပ်မံပစ်ခတ်တိုက်ခိုက်ခဲ့သည်။

- စက်တင်ဘာ ၇ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ်၊ မကျီးရေရွာနှင့် စစ်ကောင်စီ အမြောက်တပ် ၃၅၄ တပ် စခန်းတို့တွင် TNLA နှင့် စစ်ကောင်စီတပ်များ တိုက်ပွဲ ဆက်လက်ဖြစ်ပွား နေပြီး စစ်ကောင်စီမှ အမြောက်တပ် ၉၀၂ တပ် စခန်းနေရာသို့ Y12 ဖြင့် ၇ ကြိမ် ဗုံး ၃၈ လုံး၊ မကျီးရေ ရွာသို့ Jet Fighter ဖြင့် ၂ ကြိမ်၊ စစ်ကောင်စီအမြောက်တပ် ၃၅၄ တပ် စခန်းနေရာသို့ Y12 ဖြင့် ၁၂ ကြိမ် ဗုံး ၆၀ လုံး လာရောက်ကြဲချ တိုက်ခိုက်ခဲ့သည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့ကို စစ်ကောင်စီက စက်တင်ဘာ ၈ ရက်တွင် ရပ်ကွက်(၁၂)ရှိ မိုးလုံလေလုံ အားကစားကွင်းအပြင်နှင့် Silver Sky Hotel ကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့ကို စစ်ကောင်စီက စက်တင်ဘာ ၉ ရက်တွင် လေကြောင်းကနေ ဗုံးကြဲတိုက်ခိုက်ခဲ့ရာ နိုင်ငံရေးအကျဉ်းသား ၁ ဦးသေဆုံးပြီး ၁၃ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်။

- စက်တင်ဘာ ၁၀ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ နမ့်ပေါင်ကျေးရွာအနီးရှိ နမ္မ ကျောက်မီးသွေးတွင်းကို စစ်ကောင်စီက လေကြောင်းမှ ဗုံးကြဲခဲ့သည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ နမ့်ပေါင်ကျေးရွာကို စက်တင်ဘာ ၁၃ ရက်တွင် စစ်ကောင် စီက လေကြောင်း ဗုံးကြဲတိုက်ခိုက်ခဲ့၍ အရပ်သား ၅ ဦးသေဆုံးကာ ဒဏ်ရာပြင်းထန်သူ ၃ ဦး အပါ အဝင် ၈ ဦးဒဏ်ရာရရှိခဲ့သည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့ကို စက်တင်ဘာ ၁၃ ရက်နှင့် စက်တင်ဘာ ၁၄ ရက်တို့တွင် စစ်ကောင်စီက နှစ်ရက်ဆက် လေကြောင်းမှ ဗုံးနှစ်လုံးကြဲချ တိုက်ခိုက်ရာ နေအိမ်အချို့ ပျက်စီး ခဲ့သည်။

- စက်တင်ဘာ ၁၄ ရက်တွင် ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်အတွင်းရှိ ၂၀၆အမြောက်တပ်စခန်းနှင့် တောင်ခမ်းရွာရှိ ၉၀၂ တပ်စခန်းတို့၌ တော်လှန်ရေးပူးပေါင်းတပ်များနှင့် စစ်ကောင်စီတို့ တိုက်ပွဲဖြစ် ပွားခဲ့ပြီး နေ့ခင်းပိုင်းတွင် မကျီးရေရွာ၌ တိုက်ပွဲဖြစ်ပွားခဲ့ကာ စစ်တပ်က Y12လေယာဉ်ဖြင့် ဗုံး အလုံး ၆၀ နှင့် အေးရှားဝေါ နေရာတွင် ဂျက်ဖိုက်တာဖြင့် နှစ်ကြိမ် ဗုံးကြဲချခဲ့ပြီး ဟောင်ဝှစ်ဇာအမြောက်ဖြင့် နှစ်ကြိမ် ပစ်ခတ်ခဲ့သည်။

- စက်တင်ဘာ ၁၁ ရက်တွင် တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ်၊ ကျွဲထိန်းကုန်းရွာကို စစ်တပ်က ဒရုန်းဖြင့် တိုက်ခိုက်ခြင်းကြောင့် ပြည်သူ ၄ ဦး သေဆုံးခဲ့သည်။

## လက်နက်ကြီးဖြင့် တိုက်ခိုက်မှုများ

- စက်တင်ဘာ ၁၂ ရက်တွင် စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့ ခလရ ၄၂ တပ်ရင်းမှ ထွက်လာသော အင်အား ၈၀ ခန့်ရှိ စစ်တပ်စစ်ကြောင်းသည် ထနောင်းဝန်းရွာကို လက်နက်ကြီး၊ လက်နက်ငယ်တွေ ဆက်တိုက် ပစ်ခတ် ဝင်ရောက်ကာ စစ်တပ်မှ ပစ်ခတ်သော လက်နက်ကြီး ထိမှန်ပြီး ကျေးရွာနေ ပြည်သူ ၂ ဦး သေဆုံးခဲ့သည်။

## စက်တင်ဘာလ ဒုတိယအပတ်အတွင်း အခြားထိတွေ့တိုက်ပွဲ

- စက်တင်ဘာ ၈ ရက်တွင် ပဲခူးတိုင်း၊ ကြို့ပင်ကောက်မြို့နယ်၊ ကွင်းချောင်းရွာတွင် တပ်စွဲပြီး ပြည်သူများကို ပေါ်တာဆွဲ ဖမ်းဆီးနေသော စစ်ကောင်စီတပ်သားများကို ဝင်ရောက်တိုက်ခိုက်ရာ စစ်တပ်ဘက်မှ ၇ ဦးသေဆုံးခဲ့ပြီး ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့မှ ရဲဘော်တစ်ဦး မြင့်မြတ်စွာ ကျဆုံးခဲ့သည်။

- စက်တင်ဘာ ၁၃ ရက်က ပဲခူးတိုင်း၊ ပေါင်းတည်မြို့နယ်၊ သစ်ပုတ်ကျေးရွာ စစ်ကောင်စီ အထိုင်တပ်စခန်းမှ ပြန်ချီတက်ကျေးရွာသို့ ရိက္ခာလာရောက်သယ်ယူသော စစ်ကောင်စီစစ်ကြောင်းကို တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့များက မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စစ်သား ၄ ဦးသေဆုံးပြီး ၂ ဦး အပြင်းအထန် ဒဏ်ရာရရှိခဲ့သည်။

- စက်တင်ဘာ ၈ ရက်က ကချင်ပြည်နယ်၊ ဖားကန့်မြို့၊ ဆိုင်းတောင်ကျေးရွာတွင် စစ်ကောင်စီတပ်နှင့် ကချင်လွတ်လပ်ရေးတပ်မတော်(KIA) ၊ KPDF ပူးပေါင်းတပ်များ တိုက်ပွဲဖြစ်ပွားခဲ့သည်။

- စက်တင်ဘာ ၁၀ ရက်တွင် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဆိုင်းတောင်ရွာကို စစ်ကောင်စီက စစ်ကြောင်းထိုး ဝင်ရောက်လာ၍ ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။

- စက်တင်ဘာ ၁၁ ရက်တွင် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဆိုင်းတောင်ရဲစခန်းကို KIA နှင့် PDF ပူးပေါင်းတပ်များက တိုက်ခိုက်သိမ်းပိုက်ပြီးနောက် Lucky Man ဟိုတယ်တွင် တပ်စွဲထားသော စစ်တပ်စစ်ကြောင်းကို တော်လှန်ရေးတပ် များက ဆက်လက်တိုက်ခိုက်လျက်ရှိသည်။

- စက်တင်ဘာ ၁၂ ရက်တွင် ကရင်ပြည်နယ် ၊ ကြာအင်းဆိပ်ကြီးမြို့နယ် ၊ ဘုရားသုံးဆူ - သံဖြူဇရပ် ကားလမ်းပေါ်က စစ်ကောင်စီရဲ့ လွတ်ရှမ်း တပ်စခန်းကို KNU တပ်မဟာ ၆ နဲ့ ပူးပေါင်းတပ်တွေ သိမ်းယူနိုင်ခဲ့သည်။

- စက်တင်ဘာ ၇ ရက်တွင် မကွေးတိုင်း၊ မြိုင်မြို့ပေါ်ရှိ စစ်တပ်ဂိတ်စခန်းများကို 8+ အညာမြေစစ်ဆင်ရေးအဖြစ် တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့များမှ ဝင်ရောက်တိုက်ခိုက်ရာ စစ်သား ၃ ဦး သေဆုံးခဲ့သည်။

- စက်တင်ဘာ ၈ ရက်က မကွေးတိုင်း၊ မြိုင်မြို့ အနောက်ဘက်ဈေးနှင့် ပန်းခြံအနီး မီးသတ်ဂိတ်စခန်း ဂိတ်ရှိ စစ်သား၊ ရဲများကို မြိုင်ပကဖတပ်ဖွဲ့ဝင်များမှ စနိုက်ပါဖြင့် ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခဲ့ရာ မီးသတ်ဂိတ်စခန်း ဘန်ကာအတွင်းမှ သေနတ်လွယ်၍ ထွက်လာသော စစ်သား ၁ ဦးလဲကျသေဆုံးခဲ့သည်။

- စက်တင်ဘာ ၉ ရက်တွင် မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ ရေစကြိုမြို့မရဲစခန်းမှ မိုင်းရှင်းရန် ထွက်လာသော စစ်ကောင်စီ တပ်သားများကို ပြည်သူ့ကာကွယ်ရေး ရဲဘော်များက ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား ၂ ဦးသေဆုံးခဲ့သည်။

- စက်တင်ဘာ ၁၂ ရက်တွင် မကွေးတိုင်း၊ မြိုင်မြို့စောင့်ဂိတ် ပြင်ရန်လာသည့် စစ်သားများကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များမှ စောင့်ဆိုင်း တိုက်ခိုက်ခဲ့ရာ တစ်ဦးသေဆုံးကာ အများအပြားဒဏ်ရာ ရရှိခဲ့သည်။

- စက်တင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်မြောက်ပိုင်းတွင် စစ်ကြောင်းထိုးလာသော စစ်ကောင်စီတပ်အား တော်လှန်ရေးတပ်ဖွဲ့များမှ နှစ်ကြိမ်တိုက်ခိုက်ခဲ့ရာ စစ်သားတစ်ဦးသေဆုံးပြီး သေနတ်တစ်လက် သိမ်းဆည်းရရှိခဲ့သည်။

- စက်တင်ဘာ ၁၀ ရက်တွင် မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ နဖူးအိုင်-မြို့သာလမ်းပိုင်းတွင် စစ်တပ်စစ်ကြောင်းကို နဂါးနီ ပြောက်ကျားတပ်ဖွဲ့ (မြင်းခြံ)က မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စစ်သား ၃ ဦးသေဆုံးခဲ့သည်။

- စက်တင်ဘာ ၉ ရက်တွင် မွန်ပြည်နယ်၊ ဘီးလင်းနှင့် ကျိုက်ထိုမြို့နယ်အကြားရှိ မော်လမြိုင်ကားလမ်းဘေးရှိ စစ်ကောင်စီတပ်သားများ အထိုင်ချနေသည့် သံတံတားစစ်ဆေးရေးဂိတ်ကို KNLA၊ PDF ပူးပေါင်းတပ်များက တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်မှ ခုနစ်ဦးသေဆုံး၍ ငါးဦးဒဏ်ရာရခဲ့ပြီး PDF ရဲဘော်တဦး ကျဆုံးခဲ့သည်။

- ဩဂုတ် ၁၈ ရက်နှင့် ၁၉ ရက်တွင် စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်၊ မဒေါင်းလှရွာ ပျူစောထီးစခန်းနှင့် စစ်ကူစစ်ကြောင်းကို တော်လှန်ရေးတပ်ဖွဲ့များက တိုက်ခိုက်ခဲ့ရာ စစ်တပ်ဘက်မှ အရာရှိ ၁ ဦးအပါအဝင် ၃၀ ကျော် သေဆုံးပြီး PDF ရဲဘော် ၁၁ ဦး ကျဆုံးခဲ့သည်။

- စက်တင်ဘာ ၂ ရက်မှ စက်တင်ဘာ ၅ ရက်ထိ စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်၊ ကျောက်ရစ်ရဲစခန်းနှင့် ရေကြောင်းမှ လာသည့် စစ်ကြောင်းတို့ကို တော်လှန်ရေးတပ်ဖွဲ့ဝင်များက တိုက်ခိုက်ခဲ့ရာ စစ်သား ၁၇ ဦးသေဆုံးပြီး ရေယာဉ် ၂ စီး နစ်မြုပ်သွားခဲ့သည်။

- စက်တင်ဘာ ၁၁ ရက်တွင် စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့နယ်တွင် စစ်တပ်စစ်ကြောင်းကို တော်လှန်ရေးတပ်ဖွဲ့များမှ မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စစ်ဗိုလ်တစ်ဦးသေဆုံးပြီး စစ်သား၊ ရဲ ၅ ဦးဒဏ်ရာ ရရှိခဲ့သည်။

- စက်တင်ဘာ ၁၁ ရက်တွင် စစ်ကိုင်းတိုင်း၊ မြင်းမူမြို့မှ ထွက်လာပြီး မုံရွာ -မန္တလေးလမ်းမပေါ်တွင် ဆက်ကြေးကောက်နေသော စစ်သားများကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များမှ တိုက်ခိုက်ခဲ့ရာ စစ်သား ၃ ဦးသေဆုံးခဲ့သည်။

- တနင်္သာရီတိုင်း၊ လောင်းလုံးမြို့နယ်အတွင်းမှာ ပြည်သူပိုင်ပစ္စည်းတွေကို ခိုးယူပြီး နေအိမ်တွေကို မီးရှို့ဖျက်ဆီးခဲ့တဲ့ စစ်ကြောင်းကို ပြည်သူ့ကာကွယ်ရေးတပ်များက စက်တင်ဘာ ၇ ရက်မှ ၁၀ ရက်အထိ တိုက်ခိုက်ခဲ့ရာ တပ်သား ၂၀ ဦး သေဆုံးခဲ့သည်။

- စက်တင်ဘာ ၉ ရက်တွင် တနင်္သာရီတိုင်း၊ လောင်းလုံးမြို့နယ်၊ ကျောက်နီမော်ကျေးရွာရှိ စစ်ကောင်စီလက်အောက်ခံ ပျူစောထီးစခန်းကို တော်လှန်ရေးအင်အားစုပူးပေါင်းအဖွဲ့တွေက ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးပြီး သုံးဦးအရှင်ဖမ်းဆီးရမိခဲ့ပါသည်။

**စက်တင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**